# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၅)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဇူလိုင် ၁ ရက်အထိ)

### သေဆုံးခဲ့သူ အရေအတွက်

**၈၈၅+**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူအရေအတွက်မှာ ၈၈၅ ဦးထက်မနည်းရှိခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ သိရသည်။ အဆိုပါ ၈၈၅ ဦးအနက် အချက်အလက်သိရသူ အရေအတွက်မှာ ၈၁၇ ဦး ဖြစ်ပါသည်။ ယခုကိန်းဂဏန်း၌ ပါဝင်ခြင်းမရှိဘဲ ကျန်နေသူ အမြောက်အမြား ရှိနိုင်ပါသည်။ ဖေဖော်ဝါရီ ၁ ရက်မှ မေ ၂၈ ရက် အတွင်း သေဆုံးခဲ့ရသူ ၈၃၃ ဦးကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်–၂၉ ကိုရှု)** ရှိခဲ့ရာမှ ယခု ၈၈၅ ဦးကျော် ဖြစ်လာသည့်အတွက် **တလအတွင်း သေဆုံးသူ ၅၂ ဦး တိုးလာ**ခဲ့ခြင်းဖြစ်သည်။


AAPP က ပြုစုခဲ့သည့် စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။ စစ်ကောင်စီမှတ်တမ်းများအရ **ဖေဖော်ဝါရီ ၁ ရက်မှ ပြေီ ၁၅ ရက်အထိ** ဆန္ဒပြသူများဘက်တွင် သေဆုံးသူ ၂၅၁ ဦး ရှိခဲ့သည်ဟုဆိုသည်။ ထို့အတူ လုံခြုံရေး တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးခဲ့ပြီး၊ ဒလန်ဟုစွပ်စွဲခံရ၍ အသတ်ခံရမှုကြောင့် သေဆုံးသူ ၁၇ ဦး ရှိခဲ့သည်ဟု ထုတ်ပြန်ထားသည်။ ဇွန် ၁၂ ရက်တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌လည်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၁၇၃ ဦး ရှိသည်ဟု စစ်ကောင်စီက ပြောဆိုခဲ့သည်။ ထိုကိန်းဂဏန်းများသည် အာဏာသိမ်းစစ်ကောင်စီ၏ ထုတ်ပြန်မှုသာဖြစ်ပြီး လွတ်လပ်သောအဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက် မရှိပါ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၅)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဇူလိုင် ၁ ရက်အထိ)

### ရက်သတ္တပတ်အလိုက် သေဆုံးရမှု အခြေအနေပြမျဉ်း





အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသူများအနက် ရက်သတ္တပတ်အလိုက် သေဆုံးရမှု အခြေအနေပြမျဉ်း ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ AAPP က ပြုစုခဲ့သည့် စာရင်းများကို အာဏာသိမ်း စစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၅)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဇူလိုင် ၁ ရက်အထိ)

**■ သေဆုံးခဲ့ရသော အသက်အုပ်စု**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၈၈၅ ဦးကျော်အနက် အသက် အတိအကျသိရှိရသူ ၆၄၆ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း သေဆုံးရသူအရေအတွက်က အများဆုံးဖြစ်သည်။ အသက် အတိအကျမသိရသူ ၂၃၉ ဦး ရှိပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့် စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၅)

အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဇူလိုင် ၁ ရက်အထိ)

### ဦးခေါင်းပစ်ခတ်ခံရသူ အရေအတွက်

**၁၀၄+**


၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၈၈၅ ဦးကျော်အနက် ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၁၀၄ ဦးထက်မနည်း ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ မေ ၂၈ ရက်အတွင်း သေဆုံးခဲ့ရသူ ၈၃၃ ဦးကျော်အနက် ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၁၀၁ ဦးကျော် (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်–၂၉ ကိုရှု**) ရှိခဲ့သည်။ သေဆုံးရသည့်အကြောင်းရင်း အတိအကျမသိရှိရသူ ၂၄၉ ဦး ရှိသောကြောင့် ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးရသူအရေအတွက်မှာ ယခုထက် ပိုမို များပြားနိုင်ပါသည်။ သေဆုံးရသည့် အကြောင်းအရင်းသိရှိရသူ ၆၃၆ ဦးအနက် ၁၆ ရာခိုင်နှုန်းမှာ ဦးခေါင်းပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့သူများ ဖြစ်သည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့် စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၅)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဇူလိုင် ၁ ရက်အထိ)

### သေဆုံးခဲ့သော ကျား၊ မ အရေအတွက်




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၈၅၅ ဦးကျော်အနက် (ကျား-မ အတိအကျသိရှိရသော စာရင်းများအရ) ၇၄၀ ဦးသည် အမျိုးသားများဖြစ်ပြီး ၅၇ ဦးမှာ အမျိုးသမီးများဖြစ်သည်။ ကျန် ၄၈ ဦးမှာ အတိအကျ မသိရှိရသေးပေ။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၅)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ ဇူလိုင် ၁ ရက်အထိ)

### သေဆုံးခဲ့ရသော ဒေသများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၈၈၅ ဦးကျော်အနက် မည်သည့်ဒေသများ၌ အများဆုံး သေဆုံးခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်ပြီး မပါဝင်ဘဲ ကျန်ရှိမှုများရှိနိုင်ပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။